# ၁၉၅၇ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ် အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ် အက်ဥပဒေဟုခေါ်တွင်စေရမည်။

ခြေချုပ်အမိန့်၏ရည်ရွယ်ချက်။

၂။ ။ဤအက်ဥပဒေအရ ချမှတ်သည့်ခြေချုပ်အမိန့်ဖြင့် —

(က) တဦး တယောက်သောသူကို၊ အမိန့်တွင် သတ်မှတ်ထားသည့် နယ် မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟုခြေချုပ်ထားနိုင်သည်၊ သို့တည်းမဟုတ်

(ခ) တဦးတယောက်သောသူအား၊ အမိန့်တွင် သတ်မှတ် ထားသည့် အချိန်၊ နေရာ၊ နည်းလမ်းများအတိုင်း ကိုယ်တိုင်လာရောက်တိုင်ကြားရန်ဆင့်ဆိုနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ထိုသူအားအပိုဒ် (က) အရ ခြေချုပ်ခြင်းနှင့်အပိုဒ် (ခ) အရဆင့်ဆိုခြင်းနှစ်ရပ်လုံးပြုနိုင်သည်။

ပြစ်မှု ကျူးလွန် တတ်သူများအပေါ် ချမှတ်သည့် ခြေချုပ်အမိန့်။

၃။ ။(၁) ရာဇဝတ်တရားသူကြီးမှာ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၀ ပါပြဋ္ဌာန်းချက်များအရ၊ တဦးတယောက်သောသူအား ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေး အတွက် မည်သည့်အကြောင်းကြောင့်ခံဝန်ချုပ်မချုပ်ဆိုသင့်ကြောင်းအကြောင်းပြထုချေရန်ဆင့်ဆိုနိုင်သည့်အမှုတွင်၊ ထိုရာဇဝတ်တရားသူကြီးသည်၊ ထိုသို့ ဆင့်ဆိုမည့်အစား၊ သို့တည်းမဟုတ် ထိုသို့ဆင့်ဆိုသည့်အပြင်၊ ထိုသူအပေါ်တွင် မိမိသင့်သည်ထင်မြင်သည့်အတိုင်း သုံးနှစ်ထက်မပိုသော ကာလ အပိုင်းအခြားအတွက် ခြေချုပ်အမိန့်ကိုမည်သည့်အကြောင်းကြောင့်မချမှတ်သင့်ကြောင်း အကြောင်းပြထုချေရန် ထိုသူအားဆင့်ဆိုနိုင်သည်။

တွဲဘက်ဆောင်ရွက်သည့် မှုခင်းကိစ္စများနှင့်အမှုတွဲ။

(၂) ရာဇဝတ်တရားသူကြီးသည်၊ တဦးတယောက်သောသူအား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့်ကို မည်သည့် အကြောင်းကြောင့် မချမှတ်သင့်ကြောင်း အကြောင်းပြထုချေရန် ဆင့်ဆိုနိုင်သည့်အပြင်၊ ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ကိုလည်း မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း အကြောင်းပြထုချေရန် ထိုသူအားဆင့်ဆိုလျှင်၊ ခြေချုပ်အမိန့်နှင့် စပ်လျဉ်းသည့်မှုခင်းကိစ္စကို၊ ခံဝန်ချုပ် ချုပ်ဆိုရန်မှုခင်းကိစ္စနှင့်တွဲဘက်ဆောင်ရွက်၍ အမှုတွဲတခုတည်းထဲတွင်ရေးမှတ်နိုင်သည်။

အဘိုး ၁၅ ပြား]

ခြေချုပ်အမိန့် ချမှတ်ရာတွင်လိုက်နာရန် စည်းကမ်းနည်းလမ်း။

၄။ ။ရာဇဝတ်တရားသူကြီးသည်၊ တဦးတယောက်သောသူ အပေါ်တွင် ခြေချုပ်အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း အကြောင်းပြုထုချေစေရန်လိုအပ်သည်ဟု ထင်မြင်လျှင်၊ ရာဇဝတ်ကျင့်ထုံးကိုဒဥပဒေ ပုဒ်မ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅ နှင့် ၁၁၇ တွင် ပြဋ္ဌာန်းထားသော စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာနိုင်သမျှလိုက်နာရမည်။

ခြွင်းချက်။ ။သို့ရာတွင်—

(က) ရာဇဝတ်ကျင့်ထုံးကိုဒဥပဒေပုဒ်မ ၀၁၂ တွင် ရည်ညွှန်းထားသည့် အမိန့်စာတွင် ရရှိသောသတင်းလိုရင်းအချက်ကို ဖေါ်ပြရမည့်ပြင်၊ ခြေချုပ်အမိန့် အတည်ဖြစ်ရမည့် ကာလ အပိုင်းအခြားကိုလည်းဖေါ်ပြရမည်။ သို့ရာတွင် ခြေချုပ်အမိန့်သည် သက်ဆိုင်သူအား နယ်မြေတခုခုအတွင်း ခြေချုပ်ထားသည့် အမိန့်ဟူ၍သော်၎င်း၊ ထိုသူအား ကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟုဆင့်ဆိုသည့် အမိန့်ဟူ၍သော်၎င်း၊ ထိုသို့ ခြေချုပ်ထားသည့်အပြင်၊ ကိုယ်တိုင်လည်း လာရောက် တိုင်ကြားရမည်ဟု ဆင့်ဆိုသည့် အမိန့်ဟူ၍သော်၎င်း ဖေါ်ပြရန်မလို၊ ထို့ပြင်

(ခ) ရာဇဝတ်ကျင့်ထုံးကိုဒဥပဒေ ပုဒ်မ ၁၁၇ (၂') ပါကိစ္စအလို့ငှါ၊ ခြေချုပ်အမိန့်သည်၊ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက်ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့်နှင့်ထပ်တူထပ်မျှဖြစ်သည်ဟုမှတ်ယူစေရမည်။

သမ္မန်စာအစား၊ သို့တည်းမဟုတ် သမ္မန်စာအပြင်ဝါရမ်းထုတ်ခြင်း။

၅။ ။ဤဥပဒေအရဆောင်ရွက်သည့်မှုခင်းကိစ္စများမှာ၊ရာဇဝတ်ကျင့်ထုံးကိုဒဥပဒေအရဆောင်ရွက်သည့်မှုခင်းကိစ္စများ ဖြစ်ဘိသကဲ့သို့၊ ရာဇဝတ်ကျင့်ထုံးကိုဒဥပဒေပုဒ်မ ၉၀ ဝါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

သတင်းပေးခြင်း ခံရသူကို အရေး မယူကြောင်း အမိန့်ချမှတ်ခြင်း။

၆။ ။အထက်ပါပုဒ်မများနှင့် အညီစုံစမ်းစစ်ဆေးပြီးနောက်၊ ရာဇဝတ်တရားသူကြီးက ခြေချုပ်အမိန့်ချမှတ်ရန်မလိုဟုယူဆလျှင်၊ရာဇဝတ်တရားသူကြီးသည် ထိုကဲ့သို့အမိန့်ချမှတ်ရန်မလိုကြောင်းကို အမှုတွဲတွင်ရေးမှတ်ရမည်။ အကယ်၍ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက်ခံဝန်ချုပ် ချုပ်စေဟူသောအမိန့်မချမှတ်လျှင်၊ ထိုသူအားစုံစမ်းစစ်ဆေးရန်အတွက် ဘက်သက်ချုပ်ထားပါက ရာဇဝတ်တရားသူကြီးက ထိုသူကိုအချုပ်မှလွှတ်ရမည်။ ထိုသူမှာအချုပ်နှင့်မရှိပါမူ ရာဇဝတ်တရားသူကြီးကအရေးမယူကြောင်းအမိန့်ချမှတ်နိုင်သည်။

ခြေချုပ်အမိန့်ချမှတ်ခြင်း။

၇။ ။အထက်ဘွင်ဆိုခဲ့သည့်အတိုင်း၊ ရာဇဝတ်တရားသူကြီးက တဦးတယောက်သောသူနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ ထိုသူအပေါ်တွင်ခြေချုပ်အမိန့် ချမှတ်သင့်သည်ဟု ယူဆလျှင်၊ ရာဇဝတ်တရားသူကြီးသည် ထိုသို့ယူဆသည့်အတိုင်းအမိန့်ချမှတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်—

(က) ရာဇဝတ်တရားသူကြီးသည်၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေ ပုဒ်မ ၁၁၀ အရ၊ ဘဦးတယောက်သောသူ အပေါ်တွင်ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက်ခံဝန်ချုပ်ချုပ်စေဟူသောအမိန့်ချမှတ်ခဲ့လျှင်၊ ထိုသူအပေါ်တွင်ခြေချုပ်အမိန့်ကိုချမှတ်ခြင်းမပြုစေရ။

(ခ) ရာဇဝတ်တရားသူကြီးသည်၊မိမိချမှတ်သောအမိန့်တွင်၊ထိုသူအား မည်သည့်နယ်မြေအတွင်း၌သာသွားလာနေထိုင်ရမည်ဟူ၍သော်၎င်း၊ ကိုယ်တိုင်လာရောက်တိုင်ကြားရမည့်ဟူ၍သော်၎င်း၊ မည်သည့်နယ်မြေအတွင်းသာသွားလာနေထိုင်ရမည့်ပြင်၊ ကိုယ်တိုင်လည်းလာရောက်တိုင်ကြားရမည်ဟူ၍သော်၎င်း၊ ဖော်ပြရမည်။ ထိုအမိန့်သည် ဤအက်ဥပဒေအရနိုင်ငံတော်သမတက ပြုသည့် နည်းဥပဒေတရပ်ရပ်နှင့်အညီဖြစ်စေရမည့်ပြင်၊ မည်သည့်နယ်မြေတွင်မည်သို့သောခြေချုပ်မျိုးဖြင့် ထားသည့်ကို၎င်း၊မည်သည့်နေရာနှင့်အချိန်တွင် မည့်သည့်နည်းလမ်းဖြင့်လာရောက်တိုင်ကြားရမည်ကို၎င်း အကြောင်းအားလျော်စွာသီးခြား ဖော်ပြရမည့်။ ထို့ပြင်

(ဂ) မည်သည့်ခြေချုပ်အမိန့်မျှ ပုဒ်မ ၄ အရချမှတ်သည့်အမိန့်တွင်သီးခြားဖော်ပြထားသောကာလအပိုင်းအခြားအတွက်ထက်မပိုစေရ။

ရာဇဝတ် ကျင့်ထုံးကိုဥပဒေ ပုဒ်မ ၁၂၃ (၃) အရခြေချုပ်အမိန့်။

၅။ ။စက်ရှင် တရားသူကြီးသည်၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (၃) အရအမိန့်ချမှတ်ခဲ့လျှင်၊ ခံဝန်ချုပ် ချုပ်ဆိုစေဟူသောအမိန့်အစား၊ ခြေချုပ်အမိန့်ကိုခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့်ကာလအပိုင်းအခြားအတွက်ဖြစ်စေ၊ထိုကာလအပိုင်းအခြားအောက်လျော့သော ကာလအပိုင်းအခြားအတွက်ဖြစ်စေ ချမှတ်နိုင်သည်။

ပြစ်မှုထင်ရှား စီရင်ခြင်းခံရသောပြစ်မှု ကျူးလွန်သူအပေါ် ချမှတ်သည့်ခြေချုပ်အမိန့်။

၆။ ။(၁) ရာဇဝတ်ကျင့်ထုံးကိုဥပဒေ ပုဒ်မ ၅၆၅ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တဦးဦးအပေါ်တွင်အရေးယူရန်' တရားရုံးအားသော်၎င်း၊ ရာဇဝတ်တရားသူကြီးအားသော်၎င်း၊အာဏာအပ်နှင်းထားခဲ့သော်၊ အဆိုပါတရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည်၊ ထိုသူအပေါ်ပြစ်ဒဏ်စီရင်ချမှတ်သည့်အခါတွင်၊ အဆိုပါပုဒ်မအရ အမိန့်ချမှတ်မည့်အစား ခြေချုပ်အမိန့် ချမှတ်သင့်သည်ဟုထင်မြင်လျှင်၊ ထိုသို့စီရင် ချမှတ်သည့်ပြစ်ဒဏ်ခံပြီးသည့်နေ့ရက်မှစ၍၊ သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွက်၊ ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ရာဇသတ်ကြီးအခန်း ၁၇ အရ၊ သုံးနှစ်ဖြစ်စေ၊ သုံးနှစ်ထက်ပို၍ဖြစ်စေ၊ ထောင်ဒဏ်ထိုက်သင့်သည့်ပြစ်မှုအတွက်ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရပြီးနောက်၊ သို့တည်းမဟုတ် ရန်ကုန်မြို့ရဲအက်ဥပဒေပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၁ အရဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရပြီးနောက်၊ နောက်တဖန် ရန်ကုန်မြို့ရဲအက်ဥပဒေပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၁ အရဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြန်လျှင်၊ တရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် ထိုသူ

အပေါ်တွင် ပြစ်ဒဏ်စီရင်ချမှတ်သည့်အခါတွင်၊ ရန်ကုန်မြို့ရဲအက်ဥပဒေ ပုဒ်မ ၃၁-က အရအရေးယူမည့်အစား၊ ခြေချုပ်အမိန့် ချမှတ်သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့စီရင်ချမှတ်သည့် ပြစ်ဒဏ်ခံပြီးသည့်နေ့ရက်မှစ၍တနှစ်ထက်မပိုသည့်ကာလအပိုင်းအခြားအတွင်းထိုသူအပေါ်တွင်ခြေချုပ်အမိန့်ချမှတ်နိုင်သည်။

(၂) အယူခံတွင်သော်၎င်း၊ အခြားနည်းကြောင့်သော်၎င်း၊ အဆိုပါပြစ်မှုထင်ရှားစီရင်ခြင်းကိုပယ်ဖျက်လျှင်၊ပုဒ်မခွဲ (၁) တွင်ပါသည့်အမိန့်မှာ၊ပျက်ပြယ်စေရမည်။

(၃) အယူခံဝင်ရာတွင်၊ အယူခံတရားရုံးသည်၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေ ပုဒ်မ ၅၆၅ အရ၊အောက်ရုံးကချမှတ်သည့် အမိန့်ဖြစ်သည့်ကိစ္စတွင်၊ ထိုအမိန့်အစား သုံးနှစ်ထိခြေချုပ်အမိန့်ချမှတ်နိုင်သည်၊ သို့တည်းမဟုတ် ရန်ကုန်မြို့ရဲအက်ဥပဒေ ပုဒ်မ ၃၁-က အရ၊ အောက်ရုံးကချမှတ်သည့် အမိန့်ဖြစ်သည့်ကိစ္စတွင်၊ ထိုအမိန့်အစား တနှစ်ထိခြေချုပ်အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင်အယူခံတရားရုံးသည် အောက်ရုံးကချမှတ်သည့်အမိန့်တွင် ဖေါ်ပြထားသည့် ကာလအပိုင်းအခြားထက်ပို၍ ခြေချုပ်အမိန့်ကိုမချမှတ်စေရ။

ခြေချုပ် ထားရာ နယ်မြေအတွင်း ဝမ်းစာရှာမှီးရေး။

၁၀။ ။(၁) ခြေချုပ်အမိန့်ချမှတ်နိုင်သည့် တရားရုံးက၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးက၊ တဦးတယောက်သောသူသည်၊ ခြေချုပ်ထားရာနယ်မြေအတွင်း ၎င်း၏ဝမ်းစာကိုလုံလောက်စွာရှာမှီးနိုင်မည်ဟု ယုံကြည်ကျေနပ်ခြင်းမရှိလျှင်၊ ထိုသူ့အပေါ်တွင် ခြေချုပ်အမိန့်ကိုမချမှတ်ရ။

ခြွင်းချက်။ ။သို့ရာတွင်အဆိုပါအမိန့်ကိုမချမှတ်မီ၊ တရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည်၊ ခြေချုပ်ထားရန်ရည်ရွယ်သော နယ်မြေနှင့်စပ်လျဉ်း၍၊ ထိုသူ၏ကန့်ကွက်ချက်ကိုရေးမှတ်၍ စဉ်းစားဆင်ခြင်ရမည်။

(၂) ဤအက်ဥပဒေအရ ခြေချုပ်အမိန့်ချမှတ်ခြင်းခံရသူ တဦးတယောက်က၊ မိမိကိုခြေချုပ်ထားရာနယ်မြေအတွင်း၊ မိမိ၏ဝမ်းစာကိုလုံလောက်စွာ မရှာမှီးနိုင်ဟု အမိန့်ချမှတ်သည့်တရားရုံးအား၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးအားသော်၎င်း၊ ခရိုင်ရာဇဝတ်တရားသူကြီးအားသော်၎င်း၊ မည်သည့်အခါမဆို ယုံကြည်ကျေနပ်အောင်ပြုလျှင်၊ တရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည်၊ ထိုသူအား ခြေချုပ်ထားရာနယ်မြေကို ပြောင်းလဲရမည်။

ခြေချုပ်ထားရာနယ်မြေကို ပြောင်းလဲနိုင်ခွင့် အာဏာ။

၁၀။ ။ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ ဤအက်ဥပဒေအရ ချမှတ်သည့် ခြေချုပ်အမိန့်ဖြင့်၊ တဦးတယောက်သောသူအား ခြေချုပ်ထားရာနယ်မြေကို မည်သည့်အခါမဆို ပြောင်းလဲနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင်ထိုသူအား မည်သည့်အကြောင်းကြောင့် ထိုသို့နယ်မြေမပြောင်းလဲသင့်ကြောင်း အကြောင်းပြထုချေခွင့်ပေးရမည်။

ခြေချုပ်အမိန့်ပယ်ဖျက်နိုင်သည့် အာဏာ။

၁၂။ ။ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ မိမိ၏ခရိုင်အတွင်း စီရင်ပိုင်ခွင့်အာဏာရ မည်သည့်တရားရုံးကမဆို၊ ချမှတ်သည့်ခြေချုပ်အမိန့်ကိုပယ်ဖျက်ရန် လုံလောက်သော အကြောင်းရှိလျှင်၊ ထိုအကြောင်းများရေးမှတ်၍၊ မည်သည့်အခါမဆိုပယ်ဖျက်နိုင်သည်။

ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် အစား၊ ခြေချုပ်အမိန့်ချမှတ်နိုင်သည့် အာဏာ။

၁၃။ ။ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသောအမိန့်ကို၊ ဤအက်ဥပဒေအာဏာ မကည့်မီဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ တရားရုံးတခုခုက၊ တဦးတယောက်သောသူအပေါ်တွင်ရာဇဝတ်ကျင့်ထုံးကိုဓ ဥပဒေပုဒ်မ ၁၁၈ အရ၊ ချမှတ်ထားပြီး ဖြစ်ခဲ့လျှင်၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် ထိုခံဝန်ချုပ် ကာလအပိုင်းအခြား မကုန်ဆုံးမီ မည်သည့်အခါမဆို၊ ထိုအမိန့်အစား ခြေချုပ်အမိန့်ကို ချမှတ်နိုင်သည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင်—

(က) ခြေချုပ်အမိန့်ကာလ အပိုင်းအခြားသည်၊ မကုန်ဆုံးသေးသော ခံဝန်ချုပ်ကာလအပိုင်းအခြားထက်မပိုစေရ၊ ထို့ပြင်

(ခ) ဤပုဒ်မအရ တဦးတယောက်သောသူအပေါ်တွင် မည်သည့် ခြေချုပ်အမိန့်ကိုမျှ၊ ထိုသူအားမည်သည့် အကြောင်းကြောင့် အဆိုပါအမိန့်မချမှတ်သင့်ကြောင်းအကြောင်းပြ ထုချေခွင့်မပေးဘဲ မချမှတ်စေရ။

အယူခံခြင်း။

၁၄။ ။မည်သူမဆို၊ ခရိုင်ရာဇဝတ်တရားသူကြီးမှတပါး အခြားတရားသူကြီးတဦးဦး၏ ခြေချုပ်အမိန့်ချမှတ်ခြင်း ခံရလျှင်၊ ထိုအမိန့်ကို ပယ်ဖျက်ရန် ခရိုင်ရာဇဝတ် တရားသူကြီးထံ အယူခံဝင်နိုင်သည်။

အယူခံမှုများနှင့် ရာဇဝတ် ကျင့်ထုံးကိုဓ ဥပဒေ သက်ဆိုင်ခြင်း။

၁၅။ ။ဤအက်ဥပဒေအရ အယူခံမှုများသည်၊ ရာဇဝတ်ကျင့်ထုံးကိုဓဥပဒေအရ တင်သွင်းသည့်အယူခံမှုများ ဖြစ်ဘိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးကိုဓ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

သတ်မှတ် ထားသော နယ်မြေနှင့်နယ်နိမိတ် ပြင်ပတွင်တွေ့ရှိသူကိုင်း၊ လာရောက်တိုင်ကြားရန် ပျက်ကွက် သူ ကို ၎င်း ဖမ်းဆီးခြင်း။

၁၆။ ။ဤအက်ဥပဒေအရခြေချုပ်အမိန့်ချမှတ်ခြင်းခံရသူကို၊၎င်းအားခြေချုပ်ထားရာနယ်မြေပြင်ပရှိ တနေရာတွင်၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသော ခွင့်ပြုလက်မှတ်မပါဘဲ၊ တွေ့ရှိခဲ့လျှင်၊ သို့တည်းမဟုတ် ၎င်း၏ ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်အရ ခွင့်မပြုသည့် အချိန်၊ သို့တည်းမဟုတ် နေရာတွင်တွေ့ရှိခဲ့လျှင်၊ သို့တည်းမဟုတ် အဆိုပါ နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အချိန်၊ နေရာနည်းလမ်းအတိုင်း ကိုယ်တိုင် လာရောက်တိုင်ကြားခြင်းမပြုဘဲ ပျက်ကွက်ခဲ့လျှင်၊ထိုသူအား ရဲအရာရှိတဦးဦးကသော်၎င်း၊ ကျေးရွာအက်ဥပဒေအရခန့်ထားသောရွာသူကြီး၊ သို့တည်းမဟုတ် ကျေးလက်ရဲအမှုထမ်းတဦးဦးကသော်၎င်း၊ မြို့များအက်ဥပဒေအရ ခန့်ထားသောသူကြီး၊ သို့တည်းမဟုတ် အကွက်အုပ်တဦးဦးကသော်၎င်း၊ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။

၁၇။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် စည်းမျဉ်း သတ်မှတ်ရန်နည်းဥပဒေများပြုနိုင်သည်—

(က) ဤအက်ဥပဒေအရ သူ၀ဦးဦးအားခြေချုပ်ထားနိုင်သည့် နယ်မြေနှင့် ထိုသူလိုက်နာရမည့်ခြေချုပ်မျိုးသတ်မှတ်ရန်၊

(ခ) ဤအက်ဥပဒေအရ ကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟူသော အမိန့်နှင့်သက်ဆိုင်သူက မည်သူ့ထံသို့၊ မည်သည့်အချိန်နှင့် နေရာတွင်၊ မည်သည့်နည်းလမ်းအတိုင်း ကိုယ်တိုင်လာရောက် တိုင်ကြားရန်၊

(ဂ) သက်ဆိုင်သူအား၊ ခြေချုပ်ထားရာနယ်မြေမှ ထွက်ခွါသွားခွင့်ပြုသော ခွင့်ပြုလက်မှတ်များထုတ်ပေးရန်၊ ထို့ပြင်

(ဃ) အောက်ပါအချက်များနှင့် စပ်လျဉ်း၍ အဆိုပါခွင့်ပြုလက်မှတ် တခုခုတွင်ထည့်သွင်းရန် စည်းကမ်းချက်များသတ်မှတ်ရန်၊

(၁) ခွင့်ပြုလက်မှတ်ရသူ သွားလာခွင့်ရသောနေရာများ၊ သို့တည်းမဟုတ် သွားလာခွင့်မရသောနေရာများ၊

(၂) ခွင့်ပြုလက်မှတ်ရရှိသူက အခါအားလျော်စွာကိုယ်တိုင် သွားရောက်တိုင်ကြားရမည့်သူများ၊

(၃) ခွင့်ပြုလက်မှတ်ရသူအား၊ ခြေချုပ်ထားရာ နယ်မြေမှအပ၊ အခြားနေရာတွင် သွားလာနေထိုင်ခွင့်ပြုသည့်ကာလအပိုင်းအခြား။

ပြစ်ဒဏ်များ။

၁၈။ ။(၁) ဤအက်ဥပဒေအရ ခြေချုပ်အမိန့်ချမှတ်ခြင်း ခံရသူမည်သူမဆို၊ ထိုအမိန့်ကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသောနည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်တခုခုကိုဖြစ်စေ၊ ဖေါက်ဖျက်ခဲ့လျှင်၊ ပဋ္ဌမတန်းရာဇ၀တ်တရားသူကြီးရှေ့တွင်ပြစ်မှု ထင်ရှားစီရင်ခြင်းခံရကာ—

(က) ပဌမအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ တနှစ်ထိထောင်ဒဏ်ဖြင့်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်၊

(ခ) ဒုတိယအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ နှစ်နှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်၊ ထို့ပြင်

(ဂ) နောက်မည်သည့် အကြိမ်မဆို ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ သုံးနှစ်ထိထောင်ဒဏ်စီရင်ခြင်းခံရမည်။

ထောင်ဒဏ် ကာလ အပိုင်းအခြားကို ရေတွက်ရာ၌ မခြေချုပ်အမိန့် ကာလ အပိုင်းအခြားကိုထည့်သွင်း ရေတွက်ခြင်းမပြုရေ။

(၂) ခြေချုပ်အမိန့်အတည်ဖြစ်ရမည့်ကာလအပိုင်းအခြားကို ရေတွက်ရာ၌၊ ပုဒ်မခွဲ (၁) အရ ချမှတ်သည့် စီရင်ချက်အတိုင်း ကျခံရသောထောင်ဒဏ် ကာလအပိုင်းအခြားကို ထည့်သွင်း ရေတွက်ခြင်းမပြုစေရ။